A cartoon of a PDF labeled as dog saying in tears, "Please look back at our side, do you know that we became dogs, we became dogs." Dr. Zaw Wai Soe (Minister of NUG) is feeding this dog saying, "Come on, cheer up, the revolution is about to win." This dog bowl is labeled as gyin (which means being cheated). U Yee Mon (NUG Union Minster) drinking alcohol is saying "Those guys are the problem; I don't even have enough money to buy alcohol."

PDFs are being cheated and deceived by impossible dreams, and false hope. Eventually, they have become street dogs.

.......................................................................................................................

"The great responsibility of our ethnic people"

Presently, the western part of Myanmar is under the attack of AA group. When I arrived at Buthidaung and Maungdaw Townships in 2004 - 2005, I felt like I was in

arrived at Buthidaung and Maungdaw Townships in 2004 - 2005, I felt like I was in the land of Kalar (Muslim) as I saw a large number of Bengali (Muslim) and only very few Rakhine ethnic people. I found out that since that time, 98 percent of the residents in those townships is Bengali and only 7 percent is our ethnic people. Due to various concerns, Rakhine ethnic people are being forced to leave their original native land. Today, Rakhine ethnic people who used to protect their national pride should be worried that there is a huge time bomb that could explode and destroy our ethnicity and our state. A clear sign of proof is that even today in Sittwe, 50% of the residents is ethnic groups and the other 50% is Bengalis. Because of this issue, teams were formed during previous

governments to carry out border gate inspections. It is not about spreading hatred towards the people of different religions. It is acting according to the law for the security of our country. If the inspection of the border area cannot be carried out properly, that area might be swallowed up by other people one day. When it comes to the security of our country, there is absolutely no racism and hatred for me. We only aim to protect the risks that might occur in the long term systematically and honestly according to the law. In May 1942, ARSA terrorist Bengalis attacked and destroyed more than 200 ethnic villages in Rakhine State and killed more than 40,000 ethnic groups. Rakhine villages disappeared and became villages of people of different religions.

………………………..……………………..……………………………………………………………………………………

"PDF terrorist group that became common slave from the life of puppet by NUG"
As we already know, terrorist CRPH and NUG are completely dependent on KNU and KIA who are selling weapons and ammunition and providing terrorist training to terrorist PDFs. As most of the terrorist agitators, terrorist CRPH and NUG groups, only have the capacity to stimulate terrorism from behind but do not dare to take big actions on the ground. They are those who are more active in earning money for their benefits from foreign countries. Hence, KNU and KIA are using the puppets of NUG, PDF members as their puppets and forcing them to attack and be killed. Starting at the end of 2023, terrorist CRPH and NUG and the subversive media are lobbying for city-occupation battles. When the military resumes clearance operation, PDFs, slaves of NUG, are killed in massive and cunning people from KIA have to run like dogs and pigs. The terrorist group led by Maung Saungkha is even called the Bamar People's Liberation Army (BPLA). BPLA cooperates with MNDAA, TNLA, AA terrorist groups just to harm the Burmese people, don't they? Think carefully whether they are dogs or cows as they are dear to work with such terrorist groups. From terrorist CRPH and NUG and in subversive media, we can see how terrorist PDFs attacked the military forces. If a few military forces are killed, they exaggerate like they are about to win. If PDFs were killed, they became silent and acted like they did not know. Only the parents of PDFs know the situation the best in which their children are dying. PDFs were forcibly convinced by the terrorist's former NLD Members of Parliament. They were forced to participate in the battles in Karen State and in northern Shan State. There are a lot of PDFs who cannot return to their families. The parents wanted to arrange a funeral for their children whom they thought were killed. They cannot do it if they did not get permission from the terrorist former MPs.




## ၁။ နိဒါန်း

**နိဒါန်း**

အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်နှင့် ၎င်းအားထောက်ခံသူများသည် တိုင်းရင်းသား လူမျိုးစုများနှင့် ဘာသာရေးအရ လူနည်းစုများကို ပစ်မှတ်ထားပြီး အမုန်းစကားများဖြန့်ဝေကာ အာဏာသိမ်းမှုကနေ အာရုံလွှဲရန်လည်းကောင်း၊ တော်လှန်ရေးလှုပ်ရှားသူများ အကြား သဘော ထားကွဲလွဲပြီး ခုခံတွန်းလှန်မှု အားယုတ်ချည့်နဲ့သွားစေရန်လည်းကောင်း ဆောင်ရွက်လာခဲ့သည်။ အာဏာသိမ်းစစ်တပ်သည် ၎င်း၏ အတွေးအခေါ်များကို အမုန်း စကားများဖြင့် ပုံဖော်ကာ ဝါဒဖြန့်လျက်ရှိသည်။ ထို့နောက် ၂၀၂၁ အာဏာသိမ်းမှုသည် ဖိနှိပ်ခံအုပ်စုများအပေါ် ထပ်လောင်း ညှဉ်းပန်းစေပြီး ဖယ်ကျဉ်ထားရန်နှင့် အကြမ်းဖက်မှုအား လှုံ့ဆော်ရန် စစ်အစိုးရကို တွန်းအားပေးလျက်ရှိသည်။

စစ်အစိုးရသည် တိုင်းပြည်အတွင်းရှိ လူ့အဖွဲ့အစည်းအတွင်း အကြောက်တရားနှင့် စိတ်ဝမ်းကွဲမှုကို မြှင့်တင်ရန် အမုန်းစကားများကို အသုံးပြုလျက်ရှိသည်။ လူမျိုးစု သို့မဟုတ် ဘာသာရေးအုပ်စုများကို ပစ်မှတ်ထားခြင်းဖြင့် စစ်အစိုးရသည် ၎င်းတို့၏ အာဏာအား ဆက်လက်ထိန်းချုပ်ရန်နှင့် ဖိနှိပ်မှုများကို ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် အမုန်းစကားများကို ဖန်တီးရန် အစဉ်အမြဲကြိုးစားလျက်ရှိသည်။

စစ်အစိုးရနှင့် ၎င်း၏ ထောက်ခံသူများသည် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာများပေါ်တွင် တော်လှန်ရေး ဆောင်ရွက်နေသူများအကြားနှင့် ပြည်သူများမှ တော်လှန်ရေးအပေါ် အထင် အမြင်လွဲမှားစေရန် အမုန်းစကားများကို နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး ဖြန့်ဝေနေကြသည်။
BHRN ၏ လစဉ် အမုန်းစကား အစီရင်ခံစာ ရည်ရွယ်ချက်မှာ အာဏာသိမ်းစစ်တပ်နှင့်

၎င်း၏ ထောက်ခံအားပေးသူများ ကျူးလွန်ဖြန့်ဝေနေသည့် ဆိုရှယ်မီဒီယာနှင့်ပုံနှိပ်မီဒီယာများမှ အမုန်းစကားများ၏ လားရာများကို အနီးကပ် စောင့်ကြည့်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ဖြစ်သည်။ ၂၀၂၄ ခုနှစ် မတ်လတွင် BHRN သည် အမုန်းစကား ၁၁၂ ခုကို မှတ်တမ်းတင်ခဲ့သည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ်ဖြစ်သည့် အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသော ဖွင့်ဆိုချက်ဟူ၍ မရှိပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက်အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။

အမုန်းစကားဟူသော စကားရပ်သည် တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ ၎င်းတို့ ထိန်းသိမ်းကာကွယ်ထားသည့် ကိုယ်ပိုင်ဝိသေသလက္ခဏာများကို ပြင်းထန်စွာ ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ မုန်းတီးခြင်း၊ ရန်လိုခြင်း၊ ခွဲခြားနှိမ့်ချ ဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊ အနုပညာဖြင့် သရုပ်ဖော်ခြင်းတို့ကို ဆိုလိုသည်။
လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇာစ်မြစ်၊ တိုင်းရင်းသားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ အသားအရောင်၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များ စသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကိုဆိုလိုပါသည်။ တွေ့ရှိသည့် အမုန်းစကားများကို အောက်ပါအတိုင်း ပြန်လည်ခွဲခြားပါသည်။ အပြစ်သားများအဖြစ်ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ နှင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများ၊ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများ၊ ဆူပူအကြမ်းဖက်မှုကို အားပေးသည့် အမုန်းစကားများ၊ ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ အကြမ်းဖက်မှုနှင့်အမုန်းစကားကြောင့် ကျူးလွန်သည့် လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ် ရေးသားသည့်အမုန်းစကားများ စသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အထွေထွေနိုင်ငံရေးအကြပ် အတည်းများပေါ်မူတည်ပြီး စစ်တပ်မှ ဝါဒဖြန့်သည့် သတင်းအကြောင်းအရာများတွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့် မှတ်တမ်းတင်ထားပါသည်။

အမုန်းစကားများ ဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွန်လိုင်း

နှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။ အထူးသဖြင့် BHRN သည် 2024 ခုနှစ် မတ်လအတွင်း Facebook အဖွဲ့ ၉ ခု၊ Facebook အကောင့် ၃၆ ခု၊ Tiktok account ၁၉ခု၊ Telegram Channels ၂၅ ခု နှင့် Printed Media ၄ ခုကို နေ့စဉ် စောင့်ကြည့်ခဲ့ပါသည်။

**စစ်ကောင်စီဝါဒဖြန့်မှု နည်းနာများ**

စစ်ကောင်စီသည် အမုန်းစကားများကို အသုံးချ၍ ဝါဒဖြန့်ခြင်းသည် ၎င်းတို့၏ ဝါဒဖြန့်မှုကို ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်။ ထိုဝါဒဖြန့်နည်းလမ်းများတွင် ထပ်ခါတလဲလဲပြောဆိုရေးသားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ လှည့်စားခြင်းနှင့် အချက်အလက်များကို ကောက်နှုတ်ရွေးချယ်တင်ပြခြင်းတို့ ပါဝင်သည်။ ထိုနည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် အာဏာရှင်စစ်တပ်သည် ၎င်းတို့၏ အတွေးအခေါ်ကို မြှင့်တင်ပေးသည့် ဇာတ်ကြောင်းများကို ဖန်တီးကာ "တိုင်းပြည်အား ကာကွယ်ပေးနေသူများ အဖြစ်လည်းကောင်း၊ အမျိုးဘာသာ သာသနာအား စောင့်ရှောက်သူများအဖြစ်လည်းကောင်း ပုံဖော်ထားကြသည်။

အမုန်းစကားများကို အသုံးပြု၍ စိတ်အလိုမကျမှု၊ ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှု သို့မဟုတ် နာကြည်းမှုကဲ့သို့သော ပြင်းထန်သော စိတ်ခံစားမှုများကို လှုံ့ဆော်ပေးသည့် ဝါဒဖြန့်ဖြန့်ကျက်မှုကို အသုံးပြုလျက်ရှိသည်။ စစ်အစိုးရသည် ပစ်မှတ်ထားသော နယ်မြေများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည့် စွပ်စွဲထားသော ဖြစ်ရပ်များ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖျက်ထားသည့် ဖြစ်ရပ်များကို အဆိုပါ စိတ်ခံစားမှုများကို အသုံးချပြီး ပြည်သူများအကြားရောက်ရှိအောင် ဖြန့်ဝေသည့်နည်းကို အသုံးပြုသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူများသည် တော်လှန်ရေးအပေါ် စိတ်လျော့ခြင်း၊ အချင်းချင်း စိတ်ဝမ်းကွဲမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ထိုသို့ အချင်းချင်းအကြားစိတ်ဝမ်းကွဲမှုများဖြစ်ပေါ်သည့်အခါ လူ့အဖွဲ့အစည်းသည် စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်သော မူဝါဒများကို အပြစ်တင်ခြင်း၊ မေးခွန်းထုတ်ခြင်းဘက်သို့ အာရုံမရတော့ပဲ လူ့အဖွဲ့အစည်းအကြား အချင်းချင်း မေးခွန်းထုတ်ခြင်း၊ စိတ်ပျက်မှုများဖြစ်ပေါ်ခြင်းနှင့် နာကြည်းမှုများဖြစ်ပေါ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။

## ၃။ လူမှုကွန်ယက်များတွင် အမုန်းစကားတွေ့ရှိချက်များ

BHRN ၏ ယခုလလေ့လာစောင့်ကြည့်မှုတွင် အမုန်းစကားအရေအတွက် ( ၁၁၂ ) ခုကိုတွေ့ရှိခဲ့ပါသည်။ Facebook Account များပျက်ပါက အကောင့်သစ်များဖွင့်ခြင်းနှင့် Telegram channel များကို ပြောင်းလဲအသုံးပြုလာကြသည်။ စစ်ကောင်စီသည် ၎င်းတို့၏ ဝါဒဖြန့်ဝေမှုအား Telegram channel များကို အဓိကထားအသုံးပြုပြီး အမုန်းစကားများကို ကာတွန်းများဖြင့် ဖော်ပြလာမှုကိုတွေ့ရှိလာရပါသည်။

**အမုန်းစကားဦးတည်ပစ်မှတ်များနှင့် အသုံးအနှုန်းများ**

မတ်လ လေ့လာစောင့်ကြည့်မှုတွင် တွေ့ရှိရသည့် အမုန်းစကားများ၏ ဦးတည်ပစ်မှတ်များမှ ယခု တွေ့ရှိမှုတွင် အမုန်းစကားဦးတည် တိုက်ခိုက်ခံရမှု အများဆုံးမှာ PDF ဖြစ်ပြီး၊ ဒုတိယတိုက်ခိုက်မှု အများဆုံးမှာ AA အဖွဲ့ဝင်များ တတိယ အများဆုံးမှာ အစ္စလာမ်ဘာသာဝင်များ တို့ဖြစ်သည်။ ထို့ပြင် ရိုဟင်ဂျာများ နှင့် တိုင်းရင်းသားမျိုးနွယ်စုများ ကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကား များကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ယခုလတွင် အမုန်းစကား များတွင် အသုံးအများဆုံးအသုံးအနှုန်းများမှာ ခွေး ၊ ခဲဝါ (ရခိုင်ဒေသတွင် ခွေးအ ကိုခေါ်ဝေါ်သည့်စကား) ၊ အကြမ်းဖက်၊ ကုလား ၊ ခိုးဝင်ဘင်္ဂါလီ၊ ရခီး သူပုန်၊ လူမျိုးလိမ်၊ အကြမ်းဖက်-ပြည်ဖျက်-သာသနာဖျက် စသည်တို့ ဖြစ်သည်။

**အဆိုတော်လင်းလင်းမှ Non-CDM များအပေါ်ပြောဆိုသည့်အမုန်းစကား**

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် Flowers’ Talk အမည်ဖြင့် စကားဝိုင်းတွင် အဆိုတော်လင်းလင်း၊ အဆိုတော်တူးတူး တို့ပါဝင်ပြီး CDM ကိုကျော်သက်လင်းမှ အစီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုစကားဝိုင်းတွင် အဆိုတော်လင်းလင်းသည် တော်လှန်ရေးပြီးသည့်အခါ သူ၏ Show ပွဲများတွင် အားလုံးအား တန်းတူကြည့်ခွင့်ကိုဖန်တီးပြီး Non-CDM များအား အများ နှင့် တန်းတူကြည့်ရှုခွင့်မပေးပဲ ဝက်ခြံဆောက်ကာ ထိုဝက်ခြံထဲတွင် ကန့်သန့်ပြီး ကြည့်ခိုင်းမည်။ ထို့ပြင် အများသုံးပို့ဆောင်ရေးကဏ္ဍဖြစ်သည့် လိုင်းကားများတွင်လည်း အဲကွန်း လေမရောက် သည့် မီးခိုထွက်သည့်နေရာတွင် ဝက်ခြံထားပြီး ထိုထဲတွင်သာ Non-CDM များကို နေစေမည်ဟု Non-CDM များကို အခြားသူအားလုံးနှင့် တန်းတူဆက်ဆံမှုမပြုလုပ်ပဲ လူ့အခွင့်အရေးရပိုင်ခွင့် များအား တဆင့်နှိမ့်ဆက်ဆံရမည်ဆိုသည့်အကြောင်းကို ပြောဆိုကာ လူအဖြစ်မှ နှိမ့်ချဆက်ဆံ ရန် လှုံ့ဆော်မှုကို ပြောဆိုဆွေးနွေးခဲ့သည်။ အဆိုတော်လင်းလင်းသည် မန္တလေးမြို့သည် အရှေ့ အရပ် အိမ်နီးချင်းတရုတ်များကြောင့် သေဆုံးနေရသည်ဟု ရေးစပ်ထားသည့် Death of Mandalay မန္တလေးမြို့ သေဆုံးခြင်းသီချင်းကို သီဆိုရေးသားခဲ့သူလည်းဖြစ်သည်။ ထိုသီချင်း၏ အဆုံးတွင် နိုင်ငံတော်သီချင်းသံစဉ်ဖြင့် အဆုံးသတ်ထားပါသည်။ [မူရင်းပို့စ်](#) [Look twice](#)

**၇၉နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အာဏာသိမ်းနစက ဥက္ကဌ ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင်ပြောကြသည့် မိန့်ခွန်းမှ အစ္စလာမ်ဘာသာဝင်များအား ဦးတည်တိုက်ခိုက် သည့်အမုန်းစကား**

အာဏာသိမ်းစစ်တပ်သည် ၂၀၂၄ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် (၇၉) နှစ်မြောက်တပ်မတော် နေ့ စစ်ရေးပြအခမ်းအနားတွင် နစကဥက္ကဌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်း အောင်လှိုင်သည် တပ်မတော်အနေနှင့် ပြည်တွင်း ရောင်စုံသောင်းကြမ်းသူများကို နှိမ်နင်းခဲ့ရ သည့်အပြင် ရှမ်းပြည် နယ်တွင် တရုတ်ဖြူကွန်မင်တန်များ၏ ကျူးကျော်မှုနှင့် ရခိုင်ပြည်နယ် တွင် မူဂျာဟစ်များ၏ သောင်း ကျန်းမှုများစသည့် ပြည်ပကျူးကျော်သည့် အန္တရာယ်များကို လည်း အမျိုးသားရေးတာဝန်အဖြစ်မှတ်ယူပြီး ကာကွယ်ခဲ့သည်ဟု ပြောဆိုခဲ့သည်။ ထိုပြောဆိုမှု တွင် ရခိုင်ပြည်နယ်မှ မူဂျာဟစ်များကို တိုင်းပြည်အချုပ်အခြာအာဏာကို အန္တရာယ်ပြုသည့် မူ

ဂျာဟစ် ကုလားဆိုးများဟု သုံးစွဲသည့် အမုန်းစကားကို ထည့်သွင်းပြောဆိုခဲ့ပြီး စစ်တပ်သည် တိုင်းပြည်အန္တရာယ်ကျရောက်မှုများတွင် အမျိုးသားရေးတာဝန်အဖြစ် တိုင်းပြည်ကာကွယ်ရေး

ကို အဆင်တစိုက် ဆောင်ရွက်ခဲ့သည်ဟူ၍ ပုံဖော်ပြောဆိုခဲ့သည်။ [မူရင်းပို့စ်](#) [K N Ko Nyi-Myanmar](#)

**အစ္စလာမ်ဘာသာဝင်များနှင့် ရိုဟင်ဂျာများကို ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ**

ဒေါပုံမြို့နယ်၊ နွယ်အေးဗလီရှေ့တွင် အစ္စလာမ်ဘာသာဝင်များ၏ ဥပုသ်ထွက်ချိန် မုန့်ဈေးတန်းတွင် လူငယ်တစ်စုမှ ဗလီရှေ့တွင် အစ္စလာမ်ဘာသာဝင်များအား ဓားဖြင့်ထိုးသည့်ဖြစ်စဉ်ဖြစ်ပွါးခဲ့ပြီး ထိုဖြစ်စဉ်ကို အကြောင်းပြုပြီး အမျိုးသားရေးဆရာတော် ဦးပညာဝံသက ဒေါပုံမြို့နယ်အတွင်းတွင် လူငယ်ချင်းစကားများ ရန်ဖြစ်သည်ကို မွတ်စလင်များက အုပ်စုဖြင့် ဝိုင်းဝန်းထိုးကြိတ်ပြီး ဗမာလူငယ် (၄)ယောက်က မခံနိုင်လို့သွားရောက်ရှင်းသည့်အခါ မွတ်စလင်များက တုတ်၊ဓားများကိုင်ဆောင်ကာ ဂျီဟာဒ်အော်ကာ ဝိုင်းဝန်းထိုးခုတ် ရိုက်နှက်မှုများပြုလုပ်ခဲ့သည်။

သက်ဆိုင်ရာရဲတပ်ဖွဲ့မှလည်း တုတ်၊ ဓား လက်နက် ကိုင်ဆောင်ပြီး ဗမာ့လူငယ်များကို ဝိုင်းဝန်းလုပ်ဆောင်ခဲ့သည့် မွတ်စလင်များကို အရေးယူဆောင်ရွက်မှုကို မပြုလုပ်ဘူးဟု ဖြေကြားခဲ့သည်။ ထိုဖြစ်စဉ်အား အမျိုးသားရေးဆရာတော်များနှင့် အမျိုးသားရေးလှုပ်ရှားသူများက ဘာသာရေးပဋိပက္ခဖြစ်ပေါ်စေရန် လှုံ့ဆော်ခဲ့ပြီး မွတ်စလင်များအား အပြစ်သားများအဖြစ် ပုံဖော်ရေးသားသည့် အမုန်းစကားများကို Naung Taw Lay တယ်လီဂရမ် ချန်နယ်မှ ဖြန့်ဝေခဲ့သည်။ [မူရင်းပို့စ်](#) [Naung Taw Lay](#)




ဖြူးမြို့နေ မခြူးခက်နွယ်အသတ်ခံရမှုနှင့် ပတ်သက်ပြီး အမျိုးသားရေးအစွန်းရောက်ဆရာတော် ပေါက်ကိုယ်တော်ဦးဆောင်ပြီး အမျိုးသားရေးသမားများသည် မခြူးခက်နွယ်နာရေးကို လိုက်ပါပို့ဆောင်ခဲ့ကြသည်။ ထို့ပြင် မခြူးခက်နွယ် (ဗမာမိန်းကလေးအား) မွတ်ကုလားမှ ဂျီဟက်လုပ်သတ်ဖြတ်မှုဖြစ်ပွါးခဲ့သည်ဟု နိုင့်ထက်စီးနင်းပြောဆိုသည့် အမုန်းစကားများကို ဘာသာရေးပဋိပက္ခဖြစ်ပွါးအောင် ဖန်တီးရေးသားမှုများကို Mahar Thway တယ်လီဂရမ် ချန်နယ်မှ ဖြန့်ဝေခဲ့သည်။ [မူရင်းပို့စ်](#) [Mahar Thway](#)






အခန်း(၄) နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းပုဒ်မ(၅၈)(က မှ စအထိ) ကိုဖော်ပြကာ ထိုပုဒ်မများသည် နိုင်ငံခြားသားက နိုပ်စက်လို့ခံရတဲ့ အတိုင်းရင်းသားဆိုတာ မရှိရလေအောင် တည်ဆောက်ထားတဲ့ ဥပဒေ ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီတွေ ဒုက္ခပေးတာကို ခံရတဲ့ကိစ္စကို ယခု ဥပဒေ နှင့် ကိုယ်တွင်ဖြေရှင်းရုံပဲဟု ရေးသားထားသည်။

ထို့ပြင် AA က သူပုန်ထလို့ရတယ်။ ရခိုင်ပြည်နယ်ရှိ မွတ်စလင်များနှင့် ရိုဟင်ဂျာများက သူပုန်ထလို့မရဘူး။ AA သူပုန်ထရင် ထိတွေ့မှုဖြစ်ရင် သူပစ်ကိုယ်ပစ်၊ နိုင်သူရှင် ရှုံးသူသေ၊ အရှင်မိရင် ထောင်ကျ ထောင်ကထွက်ရင် နိုင်ငံသားပဲ နှင်ထုတ်လို့မရဘူး။ ရိုဟင်ဂျာများနှင့် ရခိုင်ပြည်နယ်ရှိမွတ်စလင်များသည် ပုဒ်မ ၅၈ အပိုဒ်(ခ)နှင့် (ဂ) အရ AA ကိုဈေးရောင်းတာနှင့် နိုင်ငံမှ နှင်ထုတ်လို့ရသည်ဟု ရခိုင်ပြည်နယ်ရှိ မွတ်စလင်များနှင့် ရိုဟင်ဂျာများကို အပြစ်သားများအဖြစ် စစ်ဝါဒဖြန့် စစ်သတင်းတယ်လီဂရမ် ချန်နယ်မှ ရေးသားဖော်ပြထားသည်။ ထိုဖြန့်ဝေမှုတွင် ရိုဟင်ဂျာများနှင့် ရခိုင်ပြည်နယ်ရှိ အစ္စလာမ် ဘာသာဝင်များကို ကုလားဟုလည်းကောင်း၊ ဘင်္ဂါလီဟုလည်းကောင်း ခိုင်းနှိုင်းရေးသားထားပါသည်။ [မူရင်းပို့စ် စစ်သတင်း]




(ပုဒ်မ(၅၈) အပုဒ် (ခ) နိုင်ငံတော်ကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏ အဖွဲ့ဝင်နှင့်ဖြစ်စေ၊ ကုန်သွယ်ခြင်း သို့မဟုတ် ဆက်သွယ်ခြင်း၊ သို့မဟုတ် ထိုသို့ ပြုလုပ်ခြင်းတစ်ရပ်ရပ်ကို အားပေးကူညီခြင်း။

အပိုဒ် (ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏လုံခြုံရေးကို ဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ၊ ထိပါးစေမည့် အန္တရာယ်တစ်ခုခုကို ပြုလုပ်

နေသည်။ ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိခြင်း။)

၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်တွင် သီတာထွေးအသတ်ခံရသည့် ဇာတ်လမ်းတွင် ရခိုင်တော်တော်များများကို ရိုဟင်ဂျာများက ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှုများ ရှိခဲ့သည်။ ထိုသို့ ရက်ရက်စက်စက် သတ်ဖြတ်မှုများကို ရပ်တန့်သွားဖို့အတွက် တပ်မတော်က တာဝန်ယူပြီး ထိန်းသိမ်းဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။







ထိုသို့ တပ်မတော်မှ ထိန်းသိမ်းရသည့် အကျိုးဆက်အနေနဲ့ ရိုဟင်ဂျာများကို လူမျိုးတုန်းသတ်ဖြတ်တယ်ဟု တစ်ဖက်သက် စွပ်စွဲချက်နှင့် ICJ မှာ တရားစွဲခံလိုက်ကြရသည်ဟု ရိုဟင်ဂျာများကို အပြစ်သားအဖြစ် ပုံဖော်ရေးသားထားသည့်အမုန်းစကားကို မှိုင်းဝေ တယ်လီဂရမ် ချန်နယ်မှ ရေးသားဖြန့်ဝေထားသည်။ ထိုရေးသားမှုတွင် ရိုဟင်ဂျာများကို ဘင်္ဂါလီကုလားများဟု သုံးစွဲရေးသားထားပါသည်။ [မူရင်းပို့စ် မှိုင်းဝေ]

**PDF များအားဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ**

ကယားပြည်နယ်မှမဟုတ်၊ မြို့တိုင်းနယ်တိုင်း ရွာတိုင်းက သူခိုး၊ ဂျပိုး၊ ကုလီ၊ လက်မဲ့၊ ဘိန်းစားများကို PDF များဖြစ်လာအောင် နီပေါများက စုဖွဲ့ထားတာပါ။ ဒီလိုကောင်တွေကို သရဲကောင်းဆိုပြီး မြှောက်ပေးနေကြတာပါဘဲဟု PDF များကို နှိုင့်ထက်စီးနင်းပြောဆိုရေးသားထားသည့် အမုန်းစကားကို စစ်ဝါဒဖြန့် နေပြည်တော် တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ် နေပြည်တော်]

PDF တွေရဲ့ လုပ်ရပ်ကတော့ သူတိုကို မထောက်ခံရင် မိဘလည်း လုပ်ကြံ ဆရာလည်းလုပ်ကြံ သံဃာလည်း လုပ်ကြံပြည်သူလည်း ခိုးဂျောင်ခိုးဝှက်ကလိမ်စေ့ ဉာဏ်းဆင် အကြမ်းဖက်လုပ်ကြံ သုတ်သင်တတ် တယ်ဆိုတာဘဲ ဟု PDF များကို အပြစ်သားများအဖြစ်ပုံဖော်ရေးသားထားသည့် အမုန်းစကားရေးသားမှုကို Star Like အမည်ဖြစ်သုံးနေသည့် စစ်တပ်လော်ဘီ Facebook အကောင့်မှ ရေးသားဖော်ပြထားပါသည်။ [မူရင်းပို့စ် Star Like]

ဒီအချိန်မှာ PDF တွေရှိတဲ့နေရာတွေကတော့ ရေဦးမြို့နယ် ၊ ဒီပဲယင်းမြို့နယ်၊ ရွှေဘိုမြို့နယ် ၊ ကန့်

ဘလူမြို့နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီမြို့နယ် ၊ စစ်တောင်းအရှေ့ဘက်ကမ်းတို့ပါဘဲ ဟူ၍ အစ္စလာမ်ဘာသာဝင် PDF တပ်သားတစ်ဦး၏ ဝတ်ပြုခြင်းပြုနေသည့်ပုံကိုတင်ကာ အစ္စလာမ် ဘာသာဝင် PDF အဖွဲ့သားများကို ဖင်ထောင်ပဒက်ဟူ၍ နှိုင့်ထက်စီးနင်းပြောဆိုထားသည့် အမုန်းစကားရေးသားမှုကို Truth Media တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ် Truth Media]

PDFတွေကို ပြည်သူတွေက တော်တော်ရွံနေကြပြီး PDF များကြောင့် စစ်ဘေးဒုက္ခရောက်ကုန်ကြ

သည့် ပြည်သူတွေ အများကြားရှိပြီး PDFများကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ကုန်သည့် ပြည်သူတွေ အများကြီး ၊ မြို့ပျက်ရွာပျက် ဖြစ်ကုန်တာအများကြီး ဟု PDF များကို ခွေးပဒက်များဟု ခိုင်းနှိုင်းကာ လူအဖြစ်မှနှိမ့်ချကာ ခွေးနှင့် ခိုင်းနှိုင်းရေးသားထားသည့် အမုန်းစကားရေးသားမှုကို စစ်တပ်ဝါဒဖြန့်ချီရေးသမား တစ်ဦးဖြစ်သည့် ဟန်ငြိမ်းဦး တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [ဟန်ငြိမ်းဦး](#) **တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများ**

တိုက်ပွဲတွင်ကျဆုံး သွားသည့် KIA ရဲဘော်ဓါတ်ပုံကိုတင်၍ မနေ့က အောင်ပွဲခံနေတဲ့ ကချင်စုတ်တွေ ဒီနေ့ အကောင်ကြီးအလောင်းတွေပုံလို့ဟု ကချင်တိုင်းရင်းသားများအား နှိမ့်ထက်စီးနင်းရေးသား ပြောဆိုထားသည့် အမုန်းစကားရေးသားမှုကို စစ်တပ်ဝါဒဖြန့် တယ်လီဂရမ် ချန်နယ်တစ်ခုဖြစ်သည့် စစ်သတင်း တယ်လီဂရမ် ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [စစ်သတင်း](#)

ကိုးကန့် တွေ လူပါး၀ ကြပြီ လူမျိုးရေး ၊ ဘာသာရေး ပြဿနာ ကို MNDAA ဖန်တီးတာ ဒါနဲ့ဆို ၂ခါ ရှိပြီ ဗမာတွေ မညီညွတ်ကြလို့ပါ။ ဗမာတွေ ညီညွတ်ရင် လူဦးရေ ၂သိန်းသာ ရှိသော ကိုးကန့်ဒေသဆိုတာ ဗမာတွေ သေးပေါက်ချရင်တောင် မျောပါပါတယ်။ ဟူ၍ ကိုးကန့်တိုင်းရင်းသားများ အပေါ် ခြိမ်းခြောက် ပြောဆိုရေးသား ထားသည့်အမုန်းစကားကို Kyaw Swar တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [Kyaw Swar](#)

**AAအဖွဲ့အား ဦးတည်တိုက်ခိုက်သည့်အမုန်းစကားများ**

ရမ်းဗြဲမြို့နယ်အတွင်းရှိ G12 ကျောင်းသားကျောင်းသူများ စာဖြေရန်အတွက် ကျောက်ဖြူမြို့ကို သွားရာတွင် AA ခဲဝါအဖွဲ့မှ ပိတ်ဆို့ထားသည့်အတွက် သွားခွင့် မရကြောင်းနှင့် စကစ အနေဖြင့် ရမ်းဗြဲမြို့နယ်အတွက် ကျောက်ဖြူမြို့ပေါ် စာသင်ကျောင်းများတွင် စာစစ်ဌာန ၄ ခုဖွင့်ပြီး ဖြေဆိုခွင့်ပေးထားပြီး AA ခဲဝါများအနေဖြင့် ကလေးတွေကို သွားခွင့်မပေးပဲ စာသင်ကျောင်းများကို တိုက်ကွက်ဖော်ကာ လူသစ်များ အတင်းအကြပ်စုဆောင်းနေသည်ဟု AA အဖွဲ့အား ခဲဝါ(ခွေးအ)ဖြင့် ခိုင်းနှိုင်းရေးသားထားသည့် အမုန်းစကားကို စစ်တပ်ဝါဒဖြန့် အောင်စစ်သည် Telegram ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [အောင်စစ်သည်](#)

AA အဖွဲ့နှင့် ARSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့တို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ဘင်္ဂါလီဒုက္ခသည်စခန်းတခုတွင် သီးသန့်ဆွေးနွေးပွဲ တခု ပြုလုပ်ခဲ့သည်ဟု ရေးသားခဲ့သည်။ ဆွေးနွေးပွဲသို့ AA အဖွဲ့၏တပ်မဟာမှူးအဆင့်ရှိသူ တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့အား AA အဖွဲ့မှ တိုက်ခိုက်သိမ်းပိုက်ပြီးပါက ARSA အဖွဲ့အား နယ်မြေခွဲဝေပေးမည်ဖြစ်ကြောင်းနှင့် ဘင်္ဂါလီဒုက္ခသည်များအား ပြန်လည်လက်ခံ၍ ရိုဟင်ဂျာလူမျိုးအဖြစ်လက်ခံပေးမည်ဖြစ်ကြောင်း ရေးသားခဲ့သည်။ ထိုရေးသားချက်တွင် AA အဖွဲ့သည် ARSA အဖွဲ့နှင့်ပူးပေါင်း၍ စစ်တပ်ကိုတိုက်ခိုက်ရန်ပြင်ဆင်နေခြင်းနှင့် စစ်တပ်မှ တိုင်းပြည်အန္တရာယ်ဟု သတ်မှတ်ထားသော ရိုဟင်ဂျာများအား AA အဖွဲ့မှ လက်ခံပြီး နယ်မြေခွဲဝေပေးမည်ဟု မက်လုပ်ပေးပြီး စစ်တပ်အားတိုက်ခိုက်ရန် ပြင်ဆင်နေခြင်းနှင့် စစ်တပ်မှ ထိုအန္တရာယ်များကို ကာကွယ်နေရပုံတို့ကို ပုံဖော်ရေးသားထားပါသည်။ ထိုရေးသားမှုတွင် ရိုဟင်ဂျာများကို ဘင်္ဂါလီ ဟူ၍ အပြစ်သားများအဖြစ်လည်းကောင်း၊ AA အဖွဲ့အား ခဲဝါ(ခွေးအ) အဖွဲ့ဟူ၍ လူအဖြစ်မှနှိမ့်ချ၍လည်းကောင်း ရေးသားထားသည့် အမုန်းစကားများကို စစ်ဝါဒဖြန့်နေသည့် DOROR WADDY MEDIA တယ်လီဂရမ်ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [DOROR WADDY MEDIA](#)

**ကာတွန်းဖြင့်ဖော်ပြသောအမုန်းစကားများ**

NUG/PDFတို့သည် မြန်မာနိုင်ငံကိုနည်းမျိုးစုံနဲ့ ဖျက်ဆီးနေသည့် အဓိက တရားခံများဖြစ်ကြောင်းကို ကာတွန်း အမြွေစိန်မှ မြန်မာနိုင်ငံမြေပုံကို တိုင်းပြည်ကိုဖျက် PDF စာသားဖြင့် နည်းမျိုးစုံဖြင့်ဖျက်ဆီးနေပုံကို ရေးဆွဲထားသည့် PDF များကို အပြစ်သားများအဖြစ် ပုံဖော်ထားသည့် ကာတွန်းကို Justice Seeker Group-JSG မှဖြန့်ဝေထားပါသည်။ [မူရင်းပို့စ်](#) [Justice Seeker Group](#)

ဆားလင်းကြီးက ပြည်သူ ၄၀ ကျော်ကို ဖမ်းဆီးကာ ရိုက်နှက်ခြင်းသည် ကျွန်မတို့ NUG ကလူ့အခွင့်အရေးနဲ့အညီ လုပ်တာပါရှင့်ဟု သတင်းထောက်တဦးမှ NUG လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းကို အင်တာဗျူးနေသည့် ပုံကို ကာတွန်းမာဃမှ ရေးဆွဲထားပါသည်။ ထိုကာတွန်းတွင် LGBT များ၏ ဖြစ်တည်မှုကို နှိုင့်ထက်စီးနင်းပြောဆိုထားသည့် အမုန်းစကားပါဝင်သည့်ကာတွန်းကို စစ်ဝါဒဖြန့် Justice Seeker Group-JSG မှ ဖြန့်ဝေထားပါသည်။ [မူရင်းပို့စ်](#) [Justice Seeker Group](#)




PDF များသည် ဂျင်းထည့်ခံနေရကြောင်း၊ အိပ်မက်အတုအယောင်များဖြင့် လိမ်လည်ခံလိုက်ရနှင့် တဖြည်း ဖြည်းနဲ့ ပရုတ်လုံးလို့ လုံးပါးပါးနေပြီဟု ရေးသားထား သည်။ ကာတွန်းထဲတွင် ခွေးတကောင်တွင် PDF ဟုရေးသားကာ NUG မှ ဒေါက်တာဇော်ဝေးစိုး ပုံဖြင့် ခွေးအစာကျွေးနေသည့် ပုံဖော်ကာ အစာခွက်တွင် ဂျင်းဟုရေးသားထားပြီး NUG ဝန်ကြီး ဦးရည်မွန် အရက်သောက်နေသည့် ပုံကို ရေးဆွဲထားပါသည်။ PDF များကို လူ့အဖြစ်မှ နှိမ့်ချပြီး ခွေးဖြင့်ခိုင်းနှိုင်းထား၍ လည်းကောင်း၊ NUG ဝန်ကြီးများကို နှိုင့်ထက်စီးနင်း ပြောဆိုထားသည့် အမုန်းစကားများကို ရေးဆွဲထားသည့်ကာတွန်းကို စစ်ဝါဒဖြန့် စစ်

သွေး တယ်လီဂရမ် ချန်နယ်မှ ဖော်ပြထားပါသည်။ [မူရင်းပို့စ်](#) [စစ်သွေး](#)

## ၄။ ပုံနှိပ်မီဒီယာတွင် ဖော်ပြသည့် အမုန်းစကားတွေ့ရှိချက်များ

**၁။ ရိုဟင်ဂျာများနှင့်ပတ်သက်သည့်အမုန်းစကားများ**

ဘူးသီးတောင် ၊မောင်းတောမြို့တွေ ရောက်တော့ ကုလားပြည်ရောက်နေသလားလို့ ခံစားရမိအောင် တိုင်းရင်းသား ရခိုင်တွေကိုတွေ့ရမှ ရှားပါးပြီး ဘင်္ဂါလီတွေကိုသာ သိပ်သိပ်သည်းသည်းတွေ့မြင်ခဲ့ရတယ်။ ဘင်္ဂါလီ ၉၃ ရာခိုင်နှုန်းရှိပြီး မိမိတို့ တိုင်းရင်းသား ခုနစ်ရာခိုင်နှုန်းလောက်သာနေထိုင်တာ သိရှိခဲ့ရပါတယ်။ တဖြည်းဖြည်းနဲ့ ရခိုင်တိုင်းရင်းသားတွေဟာ အမျိုးမျိုးသောစိုးရိမ်စိတ်တွေနဲ့ မိမိတို့ရဲ့ မူရင်းမွေးရပ်မြေဒေသ တွေကို စွန့်ခွာရတဲ့ အခြေအနေအထိ ဖြစ်ရပါ

တယ်။ ဒီနေ့ အမျိုးဂုဏ်ကို စောင့်ထိန်းပါတယ်ဆိုတဲ့ ရခိုင်တိုင်းရင်းသားတွေရဲ့ ရင်ထဲမှာ ငါတို့လူမျိုး၊ငါတို့ပြည်နယ်အတွက် ပေါက်ကွဲနိုင်တဲ့ ချိန်ကိုက်ဗုံးကြီးပါလား လို့ စိုးရိမ်စိတ်၊ ကာကွယ်စိတ်တွေ မွေးသင့်ပါတယ် ။ နယ်စပ်ဒေသ စစ်ဆေးရေးကို တိကျသေချာစွာ မလုပ်နိုင်ရင်တော့ တစ်နေ့တစ်ချိန် အဲ့ဒီဒေသဟာ လူမျိုးတာခံသွားရနိုင်ပါတယ်။ ၁၉၄၂ ခုနှစ် မေလအတွင်း ARSA အကြမ်းဖက် ဘင်္ဂါလီဆိုးတွေဟာ ရခိုင်ပြည်နယ်အတွင်းက တိုင်းရင်းသားရွာပေါင်း ၂၀၀ ကျော်ကို တိုက်ခိုက်ဖျက်ဆီးပြီး တိုင်းရင်းသားလေးသောင်းကျော်ကို သတ်ဖြတ်ခဲ့ကြပါတယ် ။ ရခိုင်ရွာတွေ ပယ်ပျောက်ပြီး ဘာသာမတူသူတွေရဲ့ ရွာတွေဖြစ်သွားပါတယ် ဟု
ရိုဟင်ဂျာများအား ခိုးဝင်များအဖြစ်လည်းကောင်း၊ အကြမ်းဖက်များအဖြစ်လည်းကောင်း၊ အပြစ်သားများအဖြစ်လည်းကောင်း ရိုဟင်ဂျာများသည် တိုင်းပြည်အတွက် အန္တရာယ်ရှိနေသည့် ပုံစံအဖြစ်လည်းကောင်း ပုံဖော်ရေးသားထားသည့် အမုန်းစကားကို မတ်လထုတ် Bullet ဂျာနယ် Vol (6) , No (5) တွင် ညိုထွေး ရေးသားထားသည့် ဒို့များတိုင်းရင်းသားများရဲ့မဟာတာဝန် ခေါင်းစဉ်ဖြင့် ဆောင်းပါးတွင် ထည့်သွင်းဖော်ပြထားသည်။ [ဒို့များတိုင်းရင်းသားများရဲ့မဟာတာဝန်]

## ၂။စစ်တပ်ကိုတော်လှန်နေသည့် PDF အားဦးတည်တိုက်ခိုက်နေသည့် အမုန်းစကားများ

အများသိပြီးဖြစ်တဲ့အတိုင်း PDF အကြမ်းဖက်အဖွဲ့ဝင်တွေကို အကြမ်းဖက်သင်တန်းပေး ၊ လက်နက်ခဲယမ်း ရောင်းချပေးနေတဲ့ KNU,KIA အဖွဲ့တွေအပေါ်မှာ CRPH,NUG အကြမ်းဖက်အဖွဲ့တွေက အလုံးစုံ မှီခိုနေရတာကို တွေ့ရပါတယ်။ ဆိုတော့ KNU,KIA က NUG အကြမ်းဖက်အဖွဲ့ရဲ့လက်ပါးစေ ငမိုက်သား PDF တွေကို သူတို့လိုသလို အသုံးချပြီး သေပွဲဝင်ခိုင်းနေတာ တွေ့ကြရမှာဖြစ်ပါတယ်။ တပ်မတော်က နယ်မြေရှင်းလင်းရေး ပြန်လည်ဆောင်ရွက်တဲ့အခါ PDF ခေါ်နီပိန်း ပဒက်တွေ အတုံးအရုံးသေပြီး KIA က လူလည်ကြီးများ ခွေးပြေးဝက်ပြေးပြေးကြရပါတယ် ။ မောင်ဆောင်းခ ဦးဆောင်တဲ့ အကြမ်းဖက်အဖွဲ့က ဗမာ့လွတ်မြောက်ရေးတပ်မတော် (BPLA) လို့ တောင်အမည်ပေးထားပါတယ်။ MNDAA,TNLA,AA အကြမ်းဖက်အဖွဲ့တွေနဲ့ အတူလက်တွဲပြီး ဗမာလူမျိုးကို ဒုက္ခပေးခဲ့ရာမကျဘူးလား ။ အဲဒီလို အဖွဲ့တွေနဲ့ လက်တွဲတိုက်ခိုက်နေပါတယ်ဆိုတော့ ခွေးတွေလား ၊ နွားတွေလား စဉ်းစားလို့ကြည့်ကြတော့ ဟု PDF များကို အပြစ်သားများအဖြစ် လည်းကောင်း ၊ လူအဖြစ်မှ နှိမ့်ချ၍ တရိစ္ဆာန်များ နှင့် ခိုင်းနှိုင်း၍ လည်းကောင်း ပုံဖော်ရေးသားထားသည့် အမုန်းစကားကို မတ်လထုတ် Bullet ဂျာနယ် Vol (6) , No (5) တွင် နောင်တော်လေး(ဘိုကလေး)ရေးသားထားသည့် NUGလက်ပါးစေဘဝမှဘုံကျွန်ဖြစ်ခဲ့ရသည့် PDF အကြမ်းဖက်အဖွဲ့ခေါင်းစဉ်ဖြင့် ဆောင်းပါးကို ထည့်သွင်းဖော်ပြထားသည်။ [NUGလက်ပါးစေဘဝမှဘုံကျွန်ဖြစ်ခဲ့ရသည့် PDF အကြမ်းဖက်အဖွဲ့]

## ၅။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ






၆။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ



## ၇။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ




## ၈။ နိဂုံး

ယခုလတွင် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်သည် ဘာသာရေးနှင့် လူမျိုးကြီးဝါဒကို ကိုင်စွဲသည့် စကားများကို သူ၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလာခဲ့သည်။ ဂျီဟက် ၊ ဝက်မစား အစရှိသည့် အမုန်းစကားများ ရေးသားသုံးနှုန်းကာ ဘာသာရေး အမုန်းတရားကို အခြေခံသည့်ပဋိပက္ခများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင် လာသည်။ ထို့ပြင် တိုင်းရင်းသားမျိုးနွယ်စုများ အပေါ်လည်း တိုက်ခိုက်ရေးသားမှုများ အားကောင်းကောင်းဖြင့် လုပ်ဆောင် နေသည်ကိုလည်း တွေ့ရှိလာရသည်။ PDFများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် NUG တို့၏ အသုံးချခံဖြစ်နေကြောင်းကို ဦးစားပေးရေးသာသည်ကိုတွေ့ရှိရသည်။ တိုင်းရင်းသားများကို တိရိစ္ဆာန်များ၏ ဒေသအခေါ်အဝေါ်အမည်များဖြင့်လည်းကောင်း၊ ရိုဟင်ဂျာများကို နိုင်ငံသားပြုခွင့်ဥပဒေအရ ရပ်ဆိုင်းနိုင်သည့် အကြောင်းများကို ရေးသားလာကြသည်။ တော်လှန်ရေး လုပ်ဆောင်နေကြသည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များ ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အားလည်း လူ့အဖြစ်မှ နှိမ့်ချ ရေးသားခြင်းများကိုလည်း တွေ့လာရပါသည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

## Media Enquiries

Please contact:

Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

**Learn More**

[Burma Human Rights Network] | [Phone] | [E-mail] | [Website]

Connect with us

Burma Human Rights Network (BHRN) | Walthamstow , London, LONDON E17 United Kingdom

Unsubscribe kyawwin78@gmail.com

Update Profile | Constant Contact Data Notice

Sent by kyawwin@bhrn.org.uk powered by

Constant Contact

Try email marketing for free today!